# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ကယားပြည်နယ်လွှတ်တော်

## ကယားပြည်နယ်
## စည်ပင်သာယာရေးအဖွဲ့များဥပဒေကို
## ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၉ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၇။ )

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်

**ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၇ ။)**

**၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်**

**(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)**

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့များဥပဒေတွင် ပုဒ်မ ၁၂ ပုဒ်မခွဲ (သ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(သ) “**ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများ တည်ထောင်ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊**” ပုဒ်မ ၁၂ ပုဒ်မခွဲ (သ)ဖြစ်သည့် “**အများပြည်သူအကျိုးပြု အခြား စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း**” ပြဋ္ဌာန်းချက်ကို ပုဒ်မခွဲ(ဟ)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဟ)ဖြစ်သည့် “**ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း**” ပြဋ္ဌာန်းချက်ကို ပုဒ်မခွဲ (ဠ)အဖြစ်လည်းကောင်း အမှတ်စဉ်ဖြစ်ရမည်။



၃။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (ဃ)တွင် အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရမည်-

(ဃ) ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများ တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း မပြုရ။

၄။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၅ ၏ ဇယားစာတိုင် (၁) ပုဒ်မ ၊ ပုဒ်မခွဲတွင် ၆၄(ဃ)နှင့် ဇယားစာတိုင်(၂) ပြဋ္ဌာန်းချက်အကျဉ်းတွင် ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ရပ်နား စခန်းများ တည်ထောင်ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ တားမြစ်ခြင်းဟု ပြင်ဆင်ဖြည့်စွက် ဖော်ပြရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) အယ်လ်ဖောင်းရှို

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့